**PRESS RELEASE**

Myanmar Survey Research

သတင်းထုတ်ပြန်ချက်

၁၆၊ ဒီဇင်ဘာ၊ ၂၀၁၉

## မြန်မာဆာဗေးသုတေသနကုမ္ပဏီ၏ ပထမဆုံးနိုင်ငံခြားရုံးခွဲဖြစ်သည့် ဂျပန်ရုံးတည်ထောင်ခြင်း

မြန်မာဆာဗေးသုတေသနကုမ္ပဏီ (MSR) သည် ဂျပန်ရုံးခွဲကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။ MSR ဂျပန်ကုမ္ပဏီလီမိတက်၏ ရုံးခန်းကို တိုကျိုမြို့၏ စီးပွားရေးအရ အချက်အချာကျသည့် ချီရိုဒါရပ်ကွက်တွင်ရှိ စုံပေါင်းရုံးတွင်ဖွင့်လှစ်ထားရှိသည်။ MSR ဂျပန်ကုမ္ပဏီလီမိတက်သည် ၎င်း၏စီးပွားရေးလုပ်ငန်းများကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ၊ ၂ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ၂၀၂၀ အတွက် စီးပွားရေးလုပ်ဆောင်ရန် ပိုမိုကောင်းမွန်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် ပါဝင်ကြောင်း ပြထားသည့်အပြင် ၂၀၂၀-၂၀၂၁ ကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှုန်းမှာ ၆.၇ ရာခိုင်နှုန်း ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ပို၍ပို၍ များပြားသော ရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည်ဟု ခန့်မှန်းရသည်။ ဂျပန်နိုင်ငံမှ အလုပ်အပ်သူများ၏ ဝယ်လိုအား တိုးပွားလာသည်နှင့်အမျှ မြန်မာဆာဗေးသုတေသနကုမ္ပဏီသည် ဂျပန်ဌာနခွဲကို ၂၀၁၈ ခုနှစ်အကုန်ပိုင်းတွင် ရန်ကုန်ရုံး၌ စတင်တည်ထောင်ခဲ့သည်။ ယင်းကို မစ်ဆူဘီရှိနှင့် ဒဲလွဲုက်အတိုင်ပင်ခံလုပ်ငန်းတို့တွင် အကြံပေး အဖြစ်လုပ်ဆောင်ခဲ့သည့်ဂျပန်လူမျိုးက အချိန်ပြည့်ဦးဆောင်ကာ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ ဂျပန်ဌာနခွဲသည် ဂျပန်နိုင်ငံမှ အလုပ်အပ်သူများအား ဝန်ဆောင်မှုပေးရန် အထူးအလေးပေး လုပ်ဆောင်သည်။ ဂျပန်ရုံးခွဲဖွင့်ခြင်းဖြင့် မြန်မာဆာဗေးသုတေသနကုမ္ပဏီ၏ သုတေသနပညာရှင်များနှင့် အကြံပေးအဖွဲ့ဝင်များသည် လက်ရှိဂျပန်နိုင်ငံမှအလုပ်အပ်သူများနှင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် အလား အလာရှိသူများအား တိုက်ရိုက်ဝန်ဆောင်မှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

မြန်မာဆာဗေးသုတေသနကုမ္ပဏီ၏ ဥက္ကဌဦးကျော်လှိုင်က “ဂျပန်ရုံးတည်ထောင်ရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့အနေနဲ့ ဂျပန်ကုမ္ပဏီတွေနဲ့ ပိုနီးနီးကပ်ကပ် အလုပ်လုပ်နိုင်မှ သူတို့တွေကို ပိုစိတ်ချယုံကြည်ရပြီး ပိုမိုတိကျသေချာတဲ့ မြန်မာနိုင်ငံရဲ့ သတင်းအချက်အလက်တွေ ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက ကုမ္ပဏီတွေကိုလည်း ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေး ပိုတိုးတက်လာအောင် ကူညီနိုင်မယ်လို့မျှော်လင့်ပါတယ်။” ဟုရှင်းလင်းပြောကြားခဲ့သည်။

ဂျပန်ဌာနခွဲနှင့် စီးပွားရေးအကြံပေးဌာနခွဲ၏ ခေါင်းဆောင်ဖြစ်သည့် အိချိရော တာကိနာမိ (Eiichiro Takinami) က “ဝယ်လိုအားတွေများလာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေကို ဂျပန်အလုပ်အပ်သူတွေအတွက် ပိုမိုပေးချင်ပါတယ်။ MSR ဂျပန်ရုံးခွဲက ဂျပန်နိုင်ငံကအလုပ်အပ်သူတွေနဲ့ တိုက်ရိုက်ထိတွေ့မယ့် ဒူးတိုက် အစည်းအဝေးတွေ၊ အစီရင်ခံစာ တင်သွင်းမှုတွေ၊ နှီးနှောဖလှယ်ပွဲတွေ ပြုလုပ်ပေးတဲ့ ဆက်သွယ်ရေးရုံး အဖြစ် ဆောင်ရွက်သွားမှာပါ။ ကျွမ်းကျင် အဆင့်ရှိတဲ့ ဝန်ထမ်း ၁ ဦး (သို့မဟုတ်) ၂ ဦးက တိုကျိုကို တစ်လတစ်ခါ (သို့မဟုတ်) နှစ်လတစ်ခါ အခါအားလျော်စွာ သွားမှာပါ” ဟု ရှင်းလင်းပြောကြားသည်။

MSR ဂျပန်ရုံးခွဲကုမ္ပဏီကို တည်ထောင်သည့် တစ်စိတ်တစ်ပိုင်းအနေဖြင့် မြန်မာဆာဗေးသုတေသနကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့က ယခုနှစ်စက်တင်ဘာလတွင် တိုကျိုမြို့သို့ သွားရောက်ကာ ဂျပန်လုပ်ငန်းများနှင့်နှင့်တွေ့ဆုံကာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ကိုလည်း တွေ့ဆုံနှုတ်ဆက်ခဲ့သည်။





| | |
|---|---|
| မြန်မာဆာဗေးသုတေသနကုမ္ပဏီမှကိုယ်စားလှယ်များနှင့် အတိုင်ပင်ခံ(စီးပွားရေးသံအရာရှိ)တို့တိုကျိုရှိ မြန်မာသံရုံးတွင်တွေ့ဆုံစဉ် | မြန်မာဆာဗေးသုတေသနကုမ္ပဏီ၏ ကိုယ်စားလှယ်များနှင့်ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး |

- **MSR Japan Co., Ltd. အကြောင်းအသေးစိတ်ဖော်ပြချက်**

| | |
|---|---|
| ကုမ္ပဏီအမည်: | MSR ဂျပန်ကုမ္ပဏီလီမိတက် |
| ကိုယ်စားလှယ်များ: | ဦးကျော်လှိုင်, အိချိရော တာကိနာမိ (Eiichiro Takinami) |
| တည်နေရာ: | ၁-၅-၆ ကူဒန်-မီနာမီ (1-5-6 Kudan-minami), ချီရိုဒါ-ခု (Chiyoda-ku), တိုကျို ရီဆိုနာ ကူဒန် အဆောက်အအုံ ၅လွှာ (Tokyo Resona Kudan Building 5F ) (စုပေါင်းရုံးအတွင်း) |
| တည်ထောင်သည့်အချိန်: | ၁၁၊ နိုဝင်ဘာ၊ ၂၀၁၉ |
| စတင်ဖွင့်လှစ်မည့်ရက်စွဲ: | ၂၊ ဇန်နဝါရီ၊ ၂၀၂၀ |
| စီးပွားရေးဖော်ပြချက်: | နိုင်ငံရပ်ခြားရှိ ဂျပန်ကုမ္ပဏီများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းနှင့် အကြံပေးခြင်း<br>သုခမိန်အဖွဲ့၏စီမံခန့်ခွဲမှုနှင့် အခြားမူဝါဒဆိုင်ရာသုတေသနအဖွဲ့အစည်း (အစရှိသဖြင့်) |

- <u>မြန်မာဆာဗေးသုတေသနကုမ္ပဏီအကြောင်း</u>

၁၉၉၅ ခုနှစ်က တည်ထောင်ခဲ့သည့် Myanmar Survey Research (MSR) ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး သုတေသနနှင့် အကြံပေးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည်။ MSR ရုံးများမှာ ရန်ကုန်တွင် ၃ ရုံး၊ မန္တလေးတွင် ၁ ရုံးရှိ၍ အချိန်ပိုင်းအလုပ်သမားများအပါအဝင် ဝန်ထမ်းစုစုပေါင်း ၅၀၀ ကျော်ရှိသည်။ Myanmar Survey Research (MSR) သည် အစိုးရဌာနများ၊ အဓိကလုပ်ငန်းစုကြီးများ၊ ဒေသတွင်းကုမ္ပဏီများ၊

ဂျပန်ကုမ္ပဏီများနှင့် အနောက်တိုင်းကုမ္ပဏီများ၊ အနောက်တိုင်း အစိုးရဌာနများ၊ NGO များ အတွက် ၂၅ နှစ်ကြာ ကျွမ်းကျင်သော ဝန်ဆောင်မှုများပေးနေသည့် ကုမ္ပဏီဖြစ်သည်။ ယခုနှစ်အောက်တိုဘာလတွင် MSR သည် Mitsubishi UFJ ဘဏ္ဍာရေးအုပ်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Mitsubishi UFJ သုတေသနနှင့် အကြံပေးလုပ်ငန်း၏ထိုင်းကော်ပိုရေးရှင်းနှင့်အတူဖောက်သည်များမိတ်ဆက်ပေးခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ်နှင့်သတင်းအချက်အလက်များကိုမျှဝေခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့သည်။




စုပေါင်းရုံးရှိနှီးနှောဖလှယ်ပွဲပြုလုပ်သည့်အခန်း



စုပေါင်းရုံးရှိ အလုပ်အပ်သူများနှင့် တွေ့ဆုံသည့်နေရာ

**ဆက်သွယ်ရန်လိပ်စာ**


**Company**

**Myanmar Survey Research Co., Ltd.**

ရန်ကုန်ဘူတာကြီးအဆောက်အအုံ၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အီးမေးလ်: **msr@myanmarsurveyresearch.com**

ဖုန်း: (၉၅၁) ၃၇၀၄၆၄

**Public Relations / Corporate Communications**

**(1)** ဦးစံထွန်းအောင်**, Ph.D.**

**Senior Executive Adviser**

အီးမေးလ်:**santunaung@myanmarsurveyresearch.com**

**(2)** ဒေါ်မြတ်ခနွဲ့

**Junior Public Relations Officer**

အီးမေးလ်:**myatk@myanmarsurveyresearch.com**